သာစည်မြို့နယ်

ရုံးတောကျေးရွာ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

(၂၀၂၄-၂၀၂၈)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ

ညောင်တိုကျေးရွာအုပ်စု၊ ရုံးတောကျေးရွာ၊သာစည်မြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကူညီရေးဆွဲသည်)

၂၀၂၄ ခုနှစ် ဩဂုတ်လ

မာတိကာ

မာတိကာ ၂

စကားချီး ၃
သာစည်မြို့နယ်၊ ညောင်တိုကျေးရွာအုပ်စု၊ ရုံးတောကျေးရွာ၏**သယံဇာတပြဿနာ** ၄
သာစည်မြို့နယ်၊ ညောင်တိုကျေးရွာအုပ်စု၊ ရုံးတောကျေးရွာ၏ **ရာသီခွင်ပြပြဿနာ** ၅
သာစည်မြို့နယ်၊ ညောင်တိုကျေးရွာအုပ်စု၊ ရုံးတောကျေးရွာ၏ **ရွာတွင်း/ပြင်ပ** ၆
ချိတ်ဆက်မှုပြဿနာ

၁။ ကျေးရွာ၏တည်နေရာ၊ပထဝီဝင်အနေအထား ၇
၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ ၇
၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ ၇
၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ
(က) သီးနှံစိုက်ပျိုးရေး ၈
(ခ) မွေးမြူရေးလုပ်ငန်း ၉
(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ ၁၀
(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ ၁၀
၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ
(က) ကျေးလက်သယ်ယူပို့ဆောင်ရေး ၁၀
(ခ) ကျေးရွာမီးလင်းရေး ၁၀
(ဂ) သတင်းနှင့်ဆက်သွယ်ရေး ၁၁
၆။ ပညာရေး ၁၁
၇။ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၂
၈။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၁၂
၉။ ကျား–မရေးရာကိစ္စရပ်ဆိုင်ရာ
၁၂
၁၀။ ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ ၁၃

စီမံချက်ဆိုင်ရာအချက်အလက်များ

- နောက်ဆက်တွဲ ၁ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီစာရင်း ၁၅
- နောက်ဆက်တွဲ ၂ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ(၄၈)ဇယား
၁၄
- နောက်ဆက်တွဲ ၃ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား ၁၆
- နောက်ဆက်တွဲ ၄ ဦးစားပေးစီမံချက်အဆိုပြုလွှာ ၁၉

စကားချီး

ညောင်တိုကျေးရွာအုပ်စု၊ ရုံးတောကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း သည် ၂၀၂၄ ခုနှစ်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ပထမဦးဆုံးသောလူထု ကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် (၂၀၂၄-၂၀၂၈) (၅)နှစ်တာ ဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ် ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း စီမံချက် ရေးဆွဲခြင်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းစဉ် များနှင့်ရင်းနှီးမြှုပ်နှံမှုအစီအစဉ်(AVIP)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် ကျေးရွာတွင်း ကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာနှင့် လုပ်ငန်းစဉ်များ စသည်တို့အား အဖက်ဖက်မှ ကူညီပံ့ပိုးပေးပါသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနကိုလည်းကောင်း၊ လိုအပ်သောအကူအညီများ၊ အကြံဉာဏ်များကို ပါဝင်ပံ့ပိုးပေး ပါသော ကျေးလက်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ခံ ဆရာ/ဆရာမအား လည်းကောင်း၊ ကျေးရွာမှ ကော်မတီဝင် အဖွဲ့သားများ နှင့် ကျေးရွာပြည်သူလူထုအား လည်းကောင်း၊ ကျေးရွာ၏ ကျေးရွာအုပ်ချုပ် ရေးမှူး နှင့် ဆယ်အိမ်ခေါင်းများ အား လည်းကောင်း အထူးပင်ကျေးဇူး တင်ရှိပါ ကြောင်း မှတ်တမ်းတင် အပ်ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြ သော်လည်း လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကို စည်းလုံး ညီညွတ်စွာဖြင့် ဆက်လက်အသုံးချခွင့်ရရှိသည့်အတွက် လွန်စွာအားရကျေနပ် မိပါသည်။ ယခုလိုလူထု ကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်သည့်နည်းကို အသုံးပြု၍ ကျွန်တော်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ရေးဆွဲရေးအဖွဲ့ တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ် ဆောင်ရွက် ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်းရေးဆွဲရာ တွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်နှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ် အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။


ယခုရေးဆွဲထားသော စီမံကိန်းကိုထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်မံ ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှုပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင်အတွင်း ပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်တော်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ် သုံးသပ်ရန်နှင့် အကဲဖြတ် ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ

ရုံးတောကျေးရွာ၊ သာစည်မြို့နယ်


သာစည်မြို့နယ်၊ ညောင်တိုကျေးရွာအုပ်စု၊ ရုံးတောကျေးရွာ၏သယံဇာတပြမြေပုံ



ညောင်တိုကျေးရွာအုပ်စု၊ ရုံးတောကျေးရွာ၏ ရာသီခွင်ပြ ပြကွဒိန်

လများ	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
ရာသီဥတု												
စိုက်ပျိုးရေး		နှမ်း		ငရုတ်	စပါး	စပါး	နေကြာ	ပဲ				
မွေးမြူရေး	နွား/ကြက်/ဝက်	နွား/ကြက်/ဝက်	နွား/ကြက်/ဝက်	သိုး/ဆိတ်	နွား/ဆိတ်	နွား/ဆိတ်	နွား/ကြက်/ဝက်	နွား/ကြက်/ဝက်	နွား/ကြက်/ဝက်	နွား/ကြက်/ဝက်	နွား/ကြက်/ဝက်	နွား/ကြက်/ဝက်
အခြား												
လူ	အပူရှိပ်	အပူရှိပ်	အပူရှိပ်	ဖျားနာ	ဖျားနာ	ဖျားနာ						
ကျန်းမာရေးတိရိစာန်	ခွာနာလျှာနာ			ပေါင်ပုတ်လက်ပုတ်								
သီးနှံရောဂါပိုး	ဖျက်ပိုး											
သောက်သုံးရေ												
ဝင်ငွေ	ØØ	ØØ	ØØ	ØØØØ	ØØØ	ØØØ	ØØØØ	ØØØØ	ØØØØ	ØØØØ	ØØØØ	ØØ
ထွက်ငွေ	ØØØ	ØØØ	ØØØ	ØØØ	ØØØ	ØØØ	ØØØ	ØØØ	ØØØ	ØØØ	ØØØ	ØØØ
ပွဲလမ်းသဘင်	အတာပွဲ						မီးထွန်းပွဲ	ကထိန်				တပေါင်းပွဲ

သာစည်မြို့နယ်၊ ညောင်တိုကျေးရွာအုပ်စု၊ ရုံးတောကျေးရွာ၏ ရွာတွင်း/ ပြင်ပ ချိတ်ဆက်မှုပြပုံ



၁။ ကျေးရွာ၏တည်နေရာ၊ပထဝီအနေအထား

ရုံးတော ကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ် ညောင်တိုကျေးရွာအုပ်စုဝင် ကျေးရွာဖြစ်ပြီး သာစည်မြို့၏ အနောက်ဘက်၊ မိတ္ထီလာ – တောင်ကြီး ကားလမ်းနှင့် ၂ မိုင်ကွာ တွင် တည်ရှိပြီး အရှေ့ဘက်တွင် မင်းလှကန် ၊ တောင်ဘက်တွင် သမန်းကန် ကျေးရွာ၊ အနောက်ဘက်တွင် ကြက်မောက်ကျေးရွာ၊ မြောက်လက်တွင် ညောင်တိုကျေးရွာ တို့နှင့် နီးကပ်စွာ တည်ရှိလျက်ရှိပါသည်။

၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ရုံးတော ကျေးရွာသည် အပူပိုင်းမိုးနည်းဒေသဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်ကိုင် သည့် အိမ်ထောင်စုတိုင်း လယ်မြေ၊ ယာမြေ၊ နွား၊ ဆိတ်၊ ဝက်နှင့် ကြက်များ ပိုင်ဆိုင်၍ ကိုယ်ပိုင် လုပ်ကိုင် ကြပါသည်။ လယ်ယာစိုက်ပျိုးရေးကိုဦးစားပေးလုပ်ကိုင်ကြပါသည်။ နှမ်း စိုက်ပျိုးခြင်း နှင့် ဟင်းသီး ဟင်းရွက် စိုက်ပျိုးခြင်းများ ဆောင်ရွက်ကြပါသည်။ ထို့အပြင် တစ်ပိုင်တစ်နိုင် အရောင်းအဝယ်ပြု လုပ်ခြင်းများရှိပါသည်။

ရုံးတော ကျေးရွာနှင့် အနီးတဝိုက်တွင် ခါတ်သတ္တု ပစ္စည်းများ မထွက်ရှိပါ။ သဘာဝ အပင်မျိုးစိတ်များအနေဖြင့် အလယ်ပိုင်း အပူပိုင်းဒေသဖြစ်သောကြောင့် မန်ကျည်းပင်၊ တမာပင်၊ အဝေရာပင်၊ ထနောင်းပင်၊ ရှာပင်၊ ကုက္ကိုပင်နှင့် အခြားအရိပ်ရပင်များကို တွေ့ရပါသည်။ ဆေးဘက် ဝင်အပင်အဖြစ် ရှာစောင်းလက်ပက်ပင်၊ ကြိတ်မှန်ပင်နှင့်အခြားဆေးဘက်ဝင် အပင်များလည်း ပေါက်ရောက်ပါသည်။ သဘာဝအပင်များ ပေါက်ရောက်မှု နည်းပြီး ကန္တာရဆူးပင်များ ပေါက်ရောက်မှု များသည်။ ခို၊ စာကလေး၊ ဆက်ရက်၊ ကျီးကန်း၊ ယုန်၊ ဇီးကွက်၊ တောက်တဲ့၊ လင်းနို့နှင့် မြွေ စသည့် တောကောင်များလည်း တွေ့ရပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင်အိမ်ခြေ (၁၄၅)အိမ်၊အိမ်ထောင်စု (၁၄၁)စု၊လူဦးရေကျား (၃၁၃) ဦးနှင့်မ (၃၆၆)ဦး စုစုပေါင်း(၆၇၉)ဦး ရှိပါသည်။ ကျေးရွာတွင် တစ်အိမ်ထောင် ပျမ်းမျှ လူဦးရေ အနေဖြင့်(၅)ဦး တွေ့ရှိရပါသည်။ ကျေးရွာတွင် ၁နှစ်အောက် ကလေးငယ် (၂) %၊ ၁နှစ်အထက်မှ၄နှစ်အထိ ကလေးငယ် (၃)%၊ ၅ နှစ်မှ ၉နှစ်အထိ မူလတန်းကျောင်းသားအရွယ် ကလေးငယ် (၈)%၊ ၁၀နှစ်အထက်မှ ၁၄နှစ်အထိ အလယ်တန်း ကျောင်းသားအရွယ် ကလေးငယ် (၆)%၊ ၁၅နှစ်အထက်မှ ၆၄နှစ်အထိ အလုပ်လုပ်နိုင်သည့်အရွယ် (၇၄)%၊ ၆၄နှစ်အထက် သက်ကြီးရွယ်ကြီး (၆)%၊ မသန်စွမ်း (၁%)

စသည်ဖြင့်ရှိပါသည်။ သက်ကြီးရွယ်ကြီး (၆)% ရှိခြင်းသည် ကျေးရွာသူ/ သားများသည် ကျန်းမာရေး ကောင်းမွန်ပြီး အသက်ရှည်စွာ နေထိုင်ရသူ နည်းပါးသည်ကို တွေ့ရှိရပါသည်။

ရုံးတောကျေးရွာတွင် ယခုစီမံကိန်းအပါဝင် ကျေးရွာလူထုအခြေပြုအဖွဲ့ ၃ဖွဲ့ ရှိပါသည်။ ၎င်းတို့မှာ လူငယ်ပရဟိတအဖွဲ့၊ ကျေးရွာသာရေး/နာရေးအသင်းဖွဲ့၊ဓမ္မစကြာ် တို့ဖြစ်ပါသည်။ အဖွဲ့(၃) ဖွဲ့လုံး စည်းလုံးညီညွတ်ပြီး တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်မှုအားကောင်းသော ကျေးရွာ ဖြစ်ပါသည်။ ကျေးရွာတွင် ပညာတတ် လူငယ်/လူကြီးရှိပြီး တာဝန် ထမ်းဆောင်နေသူများလည်း ရှိပါ သည်။ ကျေးရွာ၏ ဖွံ့ဖြိုးရေး၊ ပညာရေး၊ ဘာသာရေးနှင့် သာရေး/နာရေး ကိစ္စအခန်းကဏ္ဍများတွင် အဖက်ဖက်မှ တိုးတက်လျက်ရှိပါသည်။

ရုံးတော ကျေးရွာ၏ အိမ်ထောင်စုအလိုက် ဥစ္စာဓနအခြေအနေကို ဆန်းစစ်ရာ အဆင်ပြေသော အိမ်ထောင်စုတွင် ၃%၊ အလယ်အလတ်ရှိသော အိမ်ထောင်စု ၅၄%၊ မပြေလည်သော အိမ်ထောင် စု ၄၀%၊ အလွန်မပြေလည်သော အိမ်ထောင်စု ၃% ရှိပါသည်။ ယာမြေများ၌ ခြံများ စိုက်ပျိုးခြင်း၊ လယ်မြေများနှင့်ယာမြေအချို့တွင် ကြက်သွန်များစိုက်ပျိုးခြင်း၊ အရောင်း အဝယ်ပြု လုပ်ခြင်း၊ လယ်ယာ စိုက်ပျိုးရေး လုပ်ငန်း နှမ်း၊ပြောင်း၊ ကုလားပဲ၊ စပါးနှင့် ဟင်းသီးဟင်းရွက်တို့အား စိုက်ပျိုးရေး လုပ်ငန်းအား တွဲဖက်လုပ်ကိုင်ကြသောကြောင့် စီးပွားရေးအသင့်အတင့် ပြေလည်ကြပြီး ဆင်းရဲချမ်းသာ မျှတပါသည်။

အိမ်ထောင်စုအဆင့်(၃) နှင့် (၄) ၏ ၃၀ % ကို စစ်တမ်း ကောက်ယူရာ ဝမ်းစာဖူလုံမှု မရှိသည့်အတွက် လုပ်အားခကြိုယူခြင်းနှင့်သီးနှံအစားထိုးပေးခြင်းဖြင့် ဖြေရှင်းကြပါသည်။ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု (၃၇)ခုရှိပြီး မုဆိုးဖို/တစ်ခုလပ် အိမ်ထောင်စု(၈)ခုရှိပါသည်။

ကျေးရွာရှိ လူငယ်အချို့သည် ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေများအတွက် ပြည်တွင်း/ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်သူရှိပါသည်။

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ရုံးတောကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်း၊ ဈေးရောင်းဈေးဝယ်နှင့် တောင်သူ လုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြပါသည်။ တောင်ယာစိုက်ပျိုးရေး လုပ်ငန်းကို စိုက်ပျိုးမြေ ပိုင်ဆိုင်သော အိမ်ထောင်စု များစွာ ခန့်မှ လုပ်ကိုင်ကြပါသည်။ လယ်/ယာမြေ (၃၃၅)ကေပိုင်ဆိုင်လုပ် ကိုင်လျက်ရှိပါသည်။

သီးနှံများအထွက်နှုန်းတိုးစေရန်နှင့် သီးနှံပေါ်ချိန် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်မှသာ အမြတ်များများ ရရှိနိုင်ပါမည်။

ကျေးရွာတွင် တစ်ဦးချင်းပိုင် ထွန်စက် (၁)ခု၊ လက်တွန်းထွန်စက် (၁၈)ခု၊ ရေစုပ်စက် (၄၂)ခုနှင့် မြက်ရိတ်စက် (၁)ခု ကို အသုံးပြုကြပြီး၊ ကျန်တောင်သူများမှာ မိရိုးဖလာအတိုင်း ခိုင်းနွားအသုံးပြု၍ ထွန်ယက် စိုက်ပျိုးသူများ လည်းရှိပါသည်။

သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းအချို့ရှိပါသည်။ ရာသီဥတုမမှန်သော်လည်း အသင့်အတင့်ကောင်းမွန်ပါသည်။ ယာမြေများသည် မိုးကောင်းရေသောက်ရေအား အဓိကထား မှီခိုစိုက်ပျိုးလုပ်ကိုင်သော မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ စိုက်ပျိုးရေးချေးငွေရယူကြပါသည်။ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် ဓာတုဗေဒသွင်းအားစုများဝယ်ယူနိုင်သည်။ သဘာဝမြေဆွေးမြေဩဇာကိုလည်းအသုံးပြုကြပါသည်။

သီးနှံအမြတ်များစေရန်ရင်ဆိုင်ရသည့် အခက်အခဲများမှာသီးနှံပေါ်ချိန်တွင် သီးနှံများကို လွယ်ကူစွာ ရောင်းချနိုင်သော်လည်း ဈေးနှုန်းမှာ မမှန်ကန်ပါ။ သီးနှံဖျက်ပိုးနှင့် ရောဂါပိုးများ အသင့်အတင့် ကျရောက်ပါသည်။ ရေမြေရာသီဥတုမှာမမှန်၍ ရံဖန်ရံခါ မိုးခေါင်တတ်ပါသည်။ စိုက်ပျိုးရေလုံလောက်စွာမရရှိပါ။ မျိုးကောင်းမျိုးသန့်မျိုးစေ့များ လွယ်ကူစွာမရရှိနိုင်ပါ။ယာမြေများမှာ မြေဆီလွှာ အရည်အသွေးမကောင်းပါ။ တောင်သူများအနေဖြင့် မိုးခေါင်ခြင်းတို့ကြောင့် စိုက်ပျိုးရေမလုံလောက်၍ သီးနှံဖြစ်ထွန်းမှုနည်းပြီး ဝင်ငွေထိခိုက်ပါသည်။

၄။ (ခ) မွေးမြူရေးလုပ်ငန်း

လယ်ယာစိုက်ပျိုးရေး လုပ်ငန်းခွင်တွင် အသုံးပြုရန် နွားကို မွေးမြူ ကြပါသည်။ တစ်အိမ်ထောင်လျှင် နွားကို(၁) ကောင်မှ(၃)ကောင်ထိ မွေးမြူကြပြီး (၅)ကောင် (၆) ကောင်မှ (၁၀) ကောင်အထိ မွေးမြူသော အိမ်ထောင်စုများလည်း ရှိပါသည်။ ကြက်၊ဝက်၊ဆိတ်ကို တစ်ပိုင် တစ်နိုင်သာ မွေးမြူကြပါသည်။ ငါး၊ ပုဇွန်မွေးမြူရေးမရှိပါ။

မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန် စားကျက်မြေ အသင့်အတင့် ရှိပါသည်။ ရေ၊ မျိုးကောင်းမျိုးသန့်၊ သွင်းအားစုများအား လက်လမ်းမှီပါသည်။ မွေးမြူရေး ချေးငွေသီးသန့်မရှိသော်လည်း သမချေးငွေ ကဲ့သို့ ချေးငွေ လက်လှမ်းမီပါသည်။ မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှုနှင့် နည်းပညာပံ့ပိုးမှုများ မရှိပါ။ မွေးမြူရေးကို စီးပွားဖြစ်မဟုတ်ဘဲ တစ်ပိုင်တစ်နိုင်သာ လုပ်ကိုင်ကြပါသည်။

၄။ (ဂ) စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

ရုံးတော ကျေးရွာသည် စိုက်ပျိုးရေးကိုအဓိကထားလုပ်ကိုင်ကြပြီး တစ်နိုင်တစ်ပိုင် မွေးမြူရေးလည်း လုပ်ကိုင်ကြပါသည်။ အခြားဝင်ငွေရ စီးပွားရေးလုပ်ငန်း အနေဖြင့် အရောင်းအဝယ်ကို လုပ်ကိုင်ကြပါသည်။

၄။ (ဃ) ဘဏ်လုပ်ငန်းနှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမချေးငွေ ရယူသူများရှိပါသည်။ လယ်ယာမြေ ပိုင်ဆိုင်သော တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့်သမဝါယမချေးငွေယူသူများလည်း ရှိပါသည်။ နေ့စား၊အလုပ် သမားများအနေဖြင့် ကျန်းမာရေး၊ပညာရေးတို့အတွက် ဆွေမျိုးနှင့် ငွေတိုးပေးသူထံမှ ချေးယူကြသည် လည်းရှိပါသည်။ အတိုးနှုန်းမှာ ၁% မှ ၅% ထိ ဖြစ်ပါသည်။

၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ရုံးတောကျေးရွာတွင်းရှိ လမ်းများသည် ကိုယ်ထူကိုယ်ထ မြေသားတင် ကျောက်ချော လမ်းများဖြစ်ပါသည့်အတွက် မိုးတွင်းကာလများတွင်အသင့်တင့်ကောင်းမွန်သော်လည်း အနည်းငယ် သွားရန်ခက်ခဲပါသည်။ စက်ဘီး (၃၈) စီး၊ မော်တော်ဆိုင်ကယ် (၁၁၂) စီး၊ ကား(၁)စီး၊ နွားလှည်း (၁၅)စီး ရှိပါသည်။ ရုံးတော ကျေးရွာနှင့် (၄)မိုင် အကွာတွင် သာစည်မြို့မစျေးရှိပြီး၊ ကုန်စည်နှင့် ဝန်ဆောင်မှုများအတွက် စျေးကွက် လက်လှမ်း မှီပါသည်။

၅။ (ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင်လျှပ်စစ်မီး(၈၉)အိမ်ခြေသုံးစွဲလျှက်ရှိပြီး၊ ကျန်(၅၆)အိမ်မှာ လျှပ်စစ်မီး မသုံးစွဲနိုင် ကြသေးပါကြောင်း တွေ့ရှိရပါသည်။

၅။ (ဂ) သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာတွင် မိုဘိုင်းတယ်လီဖုန်းလိုင်းများ၊ ရေဒီယိုလိုင်း၊ ရုပ်မြင်သံကြားလိုင်း၊ ဂြိုလ်တုစလောင်းလိုင်းများအား ဖမ်းယူရရှိပါသည်။ အင်တာနက်လိုင်းလည်း ရရှိ၍ ဆိုရှယ်မီဒီယာမှ လည်း သတင်းအချက်အလက်များ ရယူပါသည်။ အိမ်ထောင်စုတိုင်း မိုဘိုင်းဖုန်းအသုံးပြုနိုင်ကြပြီး ဖုန်း ပိုင်ဆိုင်မှု အနေဖြင့် (၁၃၇) ခုရှိပါသည်။ ဖျော်ဖြေရေးနှင့် သတင်းအချက်အလက်အချို့ကို ရေဒီယို နားထောင်ခြင်းနှင့် အခမဲ့ရုပ်သံလိုင်းများ၊ ဂြိုလ်တုစလောင်း ဖမ်းယူ ကြည့်ခြင်းဖြင့် အနားယူကြပါသည်။ ရေဒီယို (၇) ခု၊တီဗွီ (၄၆) ခုရှိပါသည်။ ကျေးရွာတွင် ဘေးကင်းလုံခြုံရေး ဝန်ဆောင်မှု အထောက်အကူများမရှိပါ။ သတင်းအချက်အလက်ဖြန့်ဝေခြင်းဆိုင်ရာ မိုဘိုင်းဖုန်းလိုင်းများ၊ အင်တာနက်လိုင်း၊ ရုပ်မြင်သံကြားလိုင်း၊ ရေဒီယိုလိုင်းများ ဖမ်းယူအသုံး၍ ရပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု၊ ခိုးမှု၊ မူးယစ်ဆေးသုံးစွဲမှု၊ အကြမ်းဖက်မှုများ မရှိပါ။

၆။ ပညာရေး

ရုံးတောကျေးရွာတွင် ကျောင်းနေအရွယ်လူဦးရေ၏ စာတတ်မြောက်မှုနှုန်းကို ဆန်းစစ်ရာ မူလတန်းအဆင့်ရှိသူ(၄၉%)၊ အလယ်တန်း အဆင့် ရှိသူ (၃၈)%၊ အထက်တန်းအဆင့်ရှိသူ (၁၁%)၊ တက္ကသိုလ်/ ကောလိပ်အဆင့်ရှိသူ(၂)% ရှိပါသည်။ စာမတတ်သူပပျောက်ရေး အစီအစဉ် များဖြင့် ကျေးရွာများသို့ ကွင်းဆင်းသင်ကြား ပေးမှုကြောင့် စာမတတ်သူမရှိပါ။

ကျောင်းတတ်နှုန်းအနေဖြင့် မူလတန်းတွင် (၇၄)ဦး၊ အလယ်တန်းတွင် (၂၇)ဦး၊ အထက်တန်းတွင် (၂၁)ဦး ၊တက္ကသိုလ်/ကောလိပ်အဆင့်တွင်(၉)ဦးရှိပါသည်။

ကျေးရွာတွင် မူလတန်းကျောင်း ရှိပါသည်။ ကျောင်းတွင် ကျောင်းဆောင် (၄)ဆောင် ရှိပါသည်။ ကျောင်းဆရာ/ မ နှင့်ကျောင်းသုံးပရိဘောဂများလုံလောက်မှုမရှိပါ။ မိဘဆရာ အသင်းမှာ ကျောင်းပညာရေးနှင့် ဖွံ့ဖြိုးရေး များတွင် ပါဝင်ပါသည်။ ကျေးရွာတွင် အခြေခံပညာ မူလတန်း(လွန်)ကျောင်း ရှိသောကြောင့် မူလတန်းကျောင်း ထွက်နှုန်းမရှိပါ။ ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေရပါသည်။ မိသားစု စားဝတ်နေရေးအခက် အခဲကြောင့်အလယ်တန်းနှင့် အထက်တန်း ကျောင်းထွက်နှုန်းအနည်းငယ်သာရှိပါသည်။

ကျေးရွာလူငယ်များ၏ အခန်းကဏ္ဍမှာ ပူးပေါင်းပါဝင်ဆောင်ရွက်မှု အားကောင်းပါသည်။ လူငယ်များအတွက် စာကြည့်တိုက်၊ ပျော်ပွဲရွင်ပွဲ၊ အနားယူ အပန်းဖြေရန်နေရာများ မရှိပါ။ အားကစား အနေဖြင့် ဘောလုံးကန်ခြင်းကိုသာ လုပ်ငန်းခွင် သိမ်းချိန်တွင် ကစားကြပါသည်။ အားကစားနှင့် ကာယ လေ့ကျင်းခန်း ပြုလုပ်ရန်နေရာ မရှိပါ။

၇။ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန မရှိပါ။ ကျေးရွာ၏ အနောက်ဘက်ကပ်လျက် ကြက်မောက်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိသောကြောင့် သာမန် ဖျားနာ လူနာများ၊ ကိုယ်ဝန် ဆောင်မိခင်များအတွက် ကျန်းမာရေး ကုသရန် လက်လှမ်းမီပါသည်။ ကျေးရွာတွင် ရာသီအလိုက် ဖြစ်ပွားတတ်သော ဝမ်းပျက်ဝမ်းလျှောနှင့် သွေးလွန်တုပ်ကွေးရောဂါများကို မိုးရာသီတွင် ကလေးများ၌ အနည်းငယ်ဖြစ်ပွား တတ်ပါသည်။ သွေးတိုးရောဂါများမှာ သက်ကြီးရွယ်အို အချို့တွင် ဖြစ်ပွားပါသည်။ ကျေးလက်ကျန်းမာရေးဌာနခွဲမှ ဆရာမများမှ လာရောက်၍ ကာကွယ်ဆေးများ ပုံမှန်ထိုးနှံပေးပါသည်။

ကျေးရွာတွင် ကိုယ်ပိုင်အဝိစိတွင်း စက်တွင်းစက်တပ်(၂၀)တွင်းနှင့် အများပိုင် အဝိစိတွင်း (၂)တွင်း ခန့်ရှိပြီး သုံးရေ တွက်သာ ရရှိပြီးသောက်ရေအားရွာ၏ အရှေ့ဘက် တုံကင်တွင်းမှ သုံးစွဲ ရပါသည်။

ကျေးရွာအိမ်ထောင်စုတိုင်း ရေလောင်း/ယင်လုံအိမ်သာကို သုံးစွဲကြပါသည်။ အသုံးမပြု နိုင်သောအိမ်ထောင်စု မရှိပါ။ စနစ်တကျ မဖြစ်သည့်အတွက် မီးဘေးအန္တရာယ် အနည်းငယ် စိုးရိမ်ရပါသည်။

၈။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

လယ်ယာစိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြပြီး သဘာဝဓါတ်မြေဩဇာထက် ဓါတုဓါတ်မြေဩဇာကိုအသုံးများသောကြောင့် မြေဆီဩဇာပျက်ဆီးမှု အနည်းငယ်ရှိပါသည်။ ဖျက်ပိုးများ ကျရောက်လေ့ရှိပြီး နည်းပညာဗဟုသုတ နည်းပါးသောကြောင့် ထိထိရောက်ရောက် မကာကွယ်နိုင်ပါ။ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှုအတွက် အလေ့အကျင့်ကောင်းများ စီမံဆောင်ရွက်မှု မရှိသေးပါ။ အသိပညာဗဟုသုတများ လိုအပ်ပါသည်။

၉။ ကျား-မရေးရာ

ကျေးရွာတွင် အမျိုးသမီးများအား အမျိုးသားများနည်းတူ တန်းတူ အခွင့်အရေး ပေးထားသော်လည်း အမျိုးသမီးများသည် ဓလေ့ထုံးတမ်းအစဉ်အလာများအရ အိမ်မှုကိစ္စများဖြင့်သာ အချိန်ကုန်တတ်ကြပါသည်။ သို့သော် ကျေးရွာရှိအုပ်ချုပ်မှုဆိုင်ရာများတွင် မပါဝင်ကြသော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင်း အမျိုးသမီး အကြမ်းဖက်မှုဆိုင်ရာ တိုင်ကြားမှုများ မရှိပါ။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှု ဆိုင်ရာများအတွက် ကျေးရွာသူ/ သားများမှ မသိရှိပါ။ အသိပညာ ဗဟုသုတ နည်းပါးပါ သည်။ အမျိုးသမီးဘဝ လုံခြုံစိတ်ချရမှု အပြည့်အဝရှိပါသည်။

လုပ်အားခများ အနေဖြင့်အမျိုးသားနှင့် အမျိုးသမီးတို့၏ တစ်နေ့လုပ်အားခမှာ တန်းတူဖြစ်ပါသည်။ လုပ်ငန်းအမျိုးအစားပေါ်မူတည်၍ အနည်းအများ ကွာဟရခြင်း ဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းကို အဓိက ဆောင်ရွက်သော ကျေးရွာဖြစ်သောကြောင့် စိုက်ပျိုးရေး နေ့စားလုပ်အားခများမှာ အမျိုးသားများသည် တစ်နေ့လျှင် အများဆုံး ငွေ ကျပ် ၈၀၀၀/-၊ အမျိုးသမီးများသည်လည်း တစ်နေ့လျှင် အများဆုံး ငွေ ကျပ် ၇၀၀၀/-၊ ဖြစ်ပြီး အနည်းဆုံး မှာ ကျားငွေကျပ် ၆၀၀၀/- မ-၅၀၀၀ကျပ် ရရှိပါသည်။

ပညာသင်ကြားမှုတွင် ရှေးယခင်က အမျိုးသမီးများ မူလတန်းပညာဖြင့် ကျောင်းထွက်မှုများပြီး ယခုအခါ အမျိုးသား၊အမျိုးသမီးမခွဲခြားဘဲပညာရေးကိုအားပေးကြပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာ၏ ဦးစားပေးဆောင်ရွက်မည့် စီမံချက်များကို ကျေးရွာတွင် ရှာဖွေတွေ့ရှိချက်များ၊ လိုအပ်ချက်များကို အခြေခံ၍ ကျေးရွာလူထု ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ကျေးရွာ၏ ဦးစားပေးဆောင်ရွက်ရမည့် စီမံကိန်းလုပ်ငန်းများသည် ဆိုးဝါးသော သဘာဝဘေးအန္တရာယ် ကျရောက်မှုမှ လွဲ၍ပြောင်းလဲခြင်း မရှိနိုင်ပေ။ သို့သော် ဒေသတွင်း ဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များအရ အရေးကြီးပြုပြင်ပြောင်းလဲသင့်သောအရာများတွင် ထပ်တိုး စီမံကိန်းများ ထပ်မံထည့်ဝင်သွားမည် ဖြစ်ပါသည်။ ဦးစားပေးဆောင်ရွက်မည့် စီမံချက်များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

သာစည်မြို့နယ်၊ ညောင်တိုကျေးရွာအုပ်စု၊ ရုံးတောကျေးရွာ၏ ဦးစားပေးဆောင်ရွက်မည့်စီမံချက်များ

စဉ်	စီမံချက်အမည်	ဦးစားပေးအဆင့်	၂၀၂၄	၂၀၂၅	၂၀၂၆	၂၀၂၇	၂၀၂၈
၁	ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းပေးပါရန်	၁	✔				
၂	မြစိမ်းရောင်ကျေးရွာစီမံကိန်းချထားဆောင်ရွက်ပေးပါရန်	၂		✔			
၃	ဘက်စုံသုံးခန်းမ ဆောက်လုပ်ပေးပါရန်	၃			✔		
၄	ကျေးလက်စီးပွားမြှင့်မားရေးရန်ပုံငွေထူထောင်ခြင်း (RBF) စီမံကိန်း	၄				✔	
၅	အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပေးပါရန်၊	၅					✔

သာစည်မြို့နယ်၊ ညောင်တိုကျေးရွာအုပ်စု၊
ရုံးတောကျေးရွာ၊ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးကုလား	ဦးအေးသောင်	၉/ သစန (နိုင်) ၀၅၈၃၄၆	၆၆	ဥက္ကဋ္ဌ	၀၉-၆၉၉၉၇၁၁၉၁
၂	ဦးအောင်တင့်	ဦးပေါ	၉/ သစန (နိုင်) ၀၁၇၈၈၈	၅၉	အတွင်းရေးမှူး	၀၉-၇၉၈၃၃၈၉၆၇
၃	ဦးကျော်မောင်	ဦးအောင်သန်း	၉/ သစန (နိုင်) ၀၅၇၈၃၇	၅၈	ဘဏ္ဍာရေးမှူး	၀၉-၆၆၉၀၈၈၅၃
၄	ဦးမြင့်အောင်	ဦးအေးသောင်	၉/ သစန (နိုင်) ၀၅၈၀၃၇	၅၇	အဖွဲ့ဝင်	
၅	ဦးပြူးစိန်	ဦးဘိုဖြူ	၉/ သစန (နိုင်) ၀၅၇၁၀၅	၆၆	အဖွဲ့ဝင်	
၆	ဦးဝင်းနိုင်	ဦးကျော်စိန်	၉/ သစန (နိုင်) ၀၉၆၇၆၆	၃၈	အဖွဲ့ဝင်	၀၉-၆၈၃၁၇၆၃၇၂
၇	ဦးစိုးမျိုးနိုင်	ဦးချစ်လှိုင်	၉/ သစန (နိုင်) ၁၇၁၁၁၂	၃၆	အဖွဲ့ဝင်	
၈	ဒေါ်ထွေးရီ	ဦးငြိမ်းမောင်	၉/ သစန (နိုင်) ၀၅၈၃၁၀	၅၆	စာရင်းကိုင်	၀၉-၇၇၈၁၄၂၂၇၁
၉	ဒေါ်သန်းသန်းဦး	ဦးစံပိုင်	၉/ သစန (နိုင်) ၀၅၇၇၇၄၂	၅၆	အဖွဲ့ဝင်	
၁၀	ဒေါ်ကြည်စိန်	ဦးထွန်းရီ	၉/ သစန (နိုင်) ၀၅၇၇၇၉၅	၅၆	အဖွဲ့ဝင်	၀၉-၇၇၈၁၇၀၅၇၀
၁၁	ဒေါ်စိုးမိုးနိုင်	ဦးမောင်ပု	၉/ သစန (နိုင်) ၂၂၅၄၉၆၆	၄၃	အဖွဲ့ဝင်	၀၉-၇၉၀၅၁၄၄၅၆

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၄	၈	၁၂		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၁၂	၁၃	၂၅		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၂၇	၂၄	၅၁		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၂၇	၁၆	၄၃		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၂၂၉	၂၇၈	၅၀၇		
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၄	၂၇	၄၁		
စုစုပေါင်း		၃၁၃	၃၆၆	၆၇၉		
စုစုပေါင်း အိမ်ထောင်စု		၁၄၅ အိမ်ထောင်စု				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။။။ သာစည်မြို့နယ် ရုံးတောကျေးရွာတွင် အလုပ်လုပ်နိုင်သည့်အရွယ် များပြားပြီး သက်ကြီးရွယ်အိုနည်းပါသည်ကို တွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	လယ်ယာစိုက်ပျိုးရေး							
	ကိုယ်ပိုင် လုပ်ငန်း	၃၂		၈				မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၃၀		၄				မြင့် ☐ လတ် ☑ နိမ့် ☐
၂	တိရစ္ဆာန် မွေးမြူရေး							
	ကိုယ်ပိုင် လုပ်ငန်း	၃						မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၃						မြင့် ☐ လတ်☐ နိမ့် ☐
၄	သစ်တောလုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	ထုတ်ကုန်လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	လက်လီ– လက်ကား ရောင်းဝယ်ရေး							
	ကိုယ်ပိုင်လုပ်ငန်း	၁၄						မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐နိမ့် ☐
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၇	ပညာရေး							
	ကိုယ်ပိုင် လုပ်ငန်း	၅						မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၈	ကျန်းမာရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၉	လူမှုရေး လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အိမ်များတွင် အဌားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ							
၂၀	ကိုယ်ပိုင်လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၃၉		၅				
	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ							
၂၁	ကိုယ်ပိုင်လုပ်ငန်း	၂						မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
	စုစုပေါင်း	၁၄၅						☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ - **“စိုက်ပျိုးရေး”** ကဏ္ဍ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု **“မြင့်”** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။။။ သာစည်မြို့နယ် ညောင်တို ကျေးရွာအုပ်စု ရုံးတော ကျေးရွာရှိ အိမ်ထောင်စုအများစုသည် ကိုယ်ပိုင်လုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းနှင့်မွေးမြူရေးလုပ်ငန်း များကို အဓိကလုပ်ကိုင်ကြသည်ကိုတွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၈၀၀၀	၇၀၀၀	၆၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၈၀၀၀	၇၀၀၀	၆၀၀၀	၅၀၀၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်	နေ့စား				

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
	လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း					
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀		၇၀၀၀	
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၁၀၀၀၀		၇၀၀၀	
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။။။ သာစည်မြို့နယ် ညောင်တိုကျေးရွာအုပ်စု၊ ရုံးတောကျေးရွာရှိ ယောကျ်ားလေး များ၏ ဝင်ငွေသည် မိန်းကလေးများနှင့် စာလျှင် ပိုမိုရရှိပါသည်။ ယောကျ်ားလေးများမှ ပိုမိုခွန်အား စိုက်ထုတ်မှုကြောင့် ရရှိခြင်းဖြစ်ပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၃၃၅	ကောင်း ☐	သင့် ☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ		ကောင်း ☐	သင့် ☑	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၃၃၅	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။။။ သာစည်မြို့နယ် ညောင်တိုကျေးရွာအုပ်စု ရုံးတောကျေးရွာတွင် လယ်/ယာမြေ များ ရှိပြီး မြေဆီလွှာအရည်အသွေး အသင့်အတင့်ရှိသည်ကိုလေ့လာတွေ့ရှိရပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☑ သင့်☐ နည်း ်☐ မရှိ ☐	လွယ် ☑ ခက်☐အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☑
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☑ မရှိ ☐	☒	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက်☐အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သစ်တော - ဒီရေတောများ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။။။ သာစည်မြို့နယ် ညောင်တိုကျေးရွာအုပ်စု၊ ရုံးတောကျေးရွာတွင် ကျောက်များ ထွက်ရှိပြီး နွားစာအပင်များ နှင့်သဘာဝဆေးဘက်ဝင်အပင်၊ အရိပ်ရပင်အချို့ပေါက်ရောက်လျှက်ရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၄	၇၉	၅၀	၁၂

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။။။ သာစည်မြို့နယ် ညောင်တိုကျေးရွာအုပ်စု ရုံးတောကျေးရွာ၏ အချို့မိသားစု များမှာ ဝင်ငွေကောင်းသောကြောင့် အဆင်ပြေကြပြီး အချို့မိသားစုများမှာ လက်လုပ်လက်စားများဖြစ်သောကြောင့် အဆင်မပြေမှုများ ရှိကြပါသည်။

(c) ထိခိုက်လွယ်မှု

(c–၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအ ရေအတွက်	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စုအ ရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအ လိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက် ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃လနှင့်ဖြလကြား ဝမ်းစာဖူလုံမှု	၇		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____၇_____ လုပ်အားခကြိုယူ = _____
ဖြလမှ၁၂လအထိ ဝမ်းစာဖူလုံမှု	၃		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ____၃_____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ကုန်စျေးနှုန်းများ မြင့်မားစွာတက်ရောက်ခြင်းကြောင့် စီးပွားရေးမပြေလည်မှုများ ရှိပြီး လက်လုပ်လက်စားများ အနေဖြင့် ချေးငွေယူခြင်း လုပ်အားခကြိုယူခြင်းများ ပြုလုပ်ကြပါသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်			
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၃၇		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	၈		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု	၀		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။။။ ကျေးရွာတွင်မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ် နှင့် အထက် ရှိသော်လည်း **ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်အိမ်ထောင်စု/** တခုလပ်/မုဆိုးဖို အိမ်ထောင်စုအနည်းငယ်ရှိသည်ကိုတွေ့ရပါသည်။

(c-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု	✓			✓		
၂	လျှပ်တပြတ်ရေကြီးခြင်း	✓			✓		
၃	မုန်တိုင်းဒီရေ	✓			✓		
၄	ဆူနာမီ	✓			✓		
၅	တိုင်ဖုန်းမုန်တိုင်း	✓			✓		
၆	လေဆင်နှာမောင်း	✓			✓		
၇	ငလျင်	✓			✓		
၈	အပူလှိုင်း	✓			✓		
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု	✓			✓		
၁၀	အအေးလှိုင်း	✓			✓		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၁၁	မိုးသီးကြွေကျမှု	✓			✓		
၁၂	မိုးခေါင်ခြင်း	✓			✓		
၁၃	တောမီးလောင်ခြင်း	✓			✓		
၁၄	မြစ်ကမ်းပါးပြိုခြင်း	✓			✓		
၁၅	ကမ်းရိုးတန်းတိုက်စားမှု	✓			✓		
၁၆	မြေပြိုခြင်း	✓			✓		
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု	✓			✓		
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)	✓			✓		
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း	✓			✓		
၂၀	သစ်တောပြုန်းတီးခြင်း	✓			✓		
၂၁	ငှက်ဖျားရောဂါ	✓			✓		
၂၂	တီဘီရောဂါ	✓			✓		
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	✓			✓		
၂၄	ကပ်ရောဂါ	✓			✓		
၂၅	ပြည်တွင်းပဋိပက္ခ	✓			✓		
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	✓			✓		
၂၇	လူကုန်ကူးခြင်း	✓			✓		
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ေးခက်ခဲခြင်းစသည်	✓			✓		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊မိုးခေါင်ခြင်း စသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။ အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် - နိမ့် အိမ်ထောင်စု၁၀၀တွင် ၂၅မှ၅၀အိမ်ထောင်စု - လတ်၊ အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် - မြင့်)

လေ့လာတွေ့ရှိချက်။။။သာစည်မြို့နယ် ညောင်တိုကျေးရွာအုပ်စု ရုံးတောကျေးရွာသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းတို့ကြောင့် စီးပွားရေးအသင့်အတင့်ကောင်းမွန်ပါသည်။ သဘာဝ ဘေးအန္တရာယ်များ မရှိပါ။

(၄-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	✓			✓		
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု		✓		✓		
၃	ဆင်းရဲသားတောင်သူ		✓		✓		
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	✓			✓		
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	✓			✓		
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ	✓			✓		
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)	✓			✓		
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	✓			✓		
၉	ငါးကန်ပိုင်ရှင်များ	✓			✓		
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ		✓		✓		
၁၁	လူနည်းစုလူမျိုးများ	✓			✓		
၁၂	ဒေသတွင်းပဋိပက္ခရှိယာတွင်နေထိုင်သူများ	✓			✓		
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	✓			✓		
၁၄	ရွှေတွင်းလုပ်သားများ	✓			✓		
၁၅	လှည့်လည်သွားလာ၍စျေးရောင်းသူများ	✓			✓		
၁၆	နေရပ်ပြန်အခြေချသူများ	✓			✓		
၁၇	ရွှေ့ပြောင်းလုပ်သားများ	✓			✓		
၁၈	ကားမောင်းပြီးအသက်မွေးသူများ	✓			✓		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော

အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။။။ ကျေးရွာတွင် ထိခိုက်သက်ရောက်မှု ခံရနိုင်သူများမှာ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုနှင့် ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စားများဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	လူငယ်ပရဟိတအဖွဲ့	၁□၂✓၃□	၂၀	၁၅	၃၅	ပညာရေး□ဘွေကြေး□ကျန်းမာရေး□ဘာသာရေး✓ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓ လုံခြုံရေးနှင့်ကာကွယ်ရေး✓	ကောင်း□ သင့်✓ ညံ့□
၂	သာရေး/နာရေးအဖွဲ့	၁□၂□၃✓	၁၅	၁၅	၃၀	ပညာရေး□ဘွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်✓ ညံ့□
၃	ဓမ္မစကြာအသင်း	၁□၂□ ၃□	၁၅	၁၅	၃၀	ပညာရေး□ဘွေကြေး□ ကျန်းမာရေး□ဘာသာရေး✓ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်✓ ညံ့□
၄		၁□၂□၃✓	၁၅	၁၅	၃၀	ပညာရေး□ဘွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၅		၁□၂□၃□				ပညာရေး□ဘွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၆		၁□၂□၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၇		၁□၂□၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။။။ ကျေးရွာတွင်ဘာသာရေးအဖွဲ့၊ သာရေး/နာရေးအဖွဲ့၊ ဓမ္မစကြာအဖွဲ့ ရှိသဖြင့် ဘာသာရေး/လူမှုရေး လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့မှုရှိပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၂		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၃		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၄		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၅		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၆		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ
(ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုး၊ပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏သမဝါယမအသင်း၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။။။ ကျေးရွာတွင်ပြင်ပအဖွဲ့အစည်းလာရောက်ဆောင်ရွက်ခြင်းမရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၆၄	၁၁	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၂၇	၄	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၁၇		တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၁၉	၃	တောင်သူလတ်
၅	၁၂.၅ဧကအထက်			တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုပေါင်း		၁၂၉	၁၈	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။။။ ကျေးရွာတွင် မြေယာပိုင်ဆိုင်မှုအနေဖြင့်အိမ်ထောင်စု အားလုံးနီးပါးမြေယာများ ပိုင်ဆိုင်ကြပြီး မြေယာမဲ့များမှာ စိုက်ပျိုးရေး/မွေးမြူရေးလုပ်ငန်းများတွင် ကျပန်း/ကိုယ်ပိုင်လုပ်ကိုင်ကြပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်(ကော)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၅	အဝီစိတွင်း	၂၀	တစ်နှစ်ပတ်လုံး☑ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ☑မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၆	လက်ငင်းရေတွင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□

စဉ်	အရင်းအမြစ်	ရေသောက်(ကေ)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။။။ သာစည်မြို့နယ် ညောင်တို ကျေးရွာအုပ်စု ရုံးတောကျေးရွာတွင် စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်ကြသော်လည်း စိုက်ပျိုးရေ ရရှိသော်လည်းအခက်အခဲရှိပါသည်။ မိုးရေကိုသာ အားထားစိုက်ပျိုး ကြရပါသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
ပြောင်း	၁၅	တင်း	၁၀	၂၀	၉	ဧပြီ	ဇူလိုင်	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
ကုလားပဲ	၆၅	**တင်း**	၁၅	၃၅	၁၄	အောက်တိုဘာ	ဒီဇင်ဘာ	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
စပါး	၄၀	တင်း	၁၈	၂၅	၂၀	စက်တင်ဘာ	အောက်တိုဘာလ	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
နှမ်း	၂၀	တင်း	၁၀	၂၀	၉	ဧပြီ	ဇူလိုင်	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။။။ ကျေးရွာတွင် ရာသီဥတုမမှန်ခြင်း၊ သီးနှံဖျက်ပိုးကျရောက်ခြင်းများကြောင့် သီးနှံထွက်မှုနှုန်းနည်းပြီး အမြတ်နည်းပါးပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	၁			၄၀
လက်တွန်းထွန်စက်	၁၈			၂၀
အစေ့ချကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်				
ခြွေလှေ့စက်				
ရေစုပ်စက်	၄၂			
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်	၁			

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။။။ ရုံးတော ကျေးရွာတွင် တစ်ဦးချင်း ပုဂ္ဂလိကပိုင် ထွန်စက်၊ လက်တွန်းထွန်စက်နှင့် ရေစုပ်စက်များ အသုံးပြုကြပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း□ကောင်း□သင့်တင့်မျှတ✓မဖြေဆိုပါ□
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း□ကောင်း□သင့်တင့်မျှတ✓မဖြေဆိုပါ□
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ□အသင့်အတင့်ရှိ□မဖြေဆိုပါ✓
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်□ရသည်✓မဖြေဆိုပါ□
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်□သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်□မဖြေဆိုပါ✓
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ဝယ်ယူရနိုင်သည်✓မဖြေဆိုပါ□
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ဝယ်ယူရနိုင်သည်✓မဖြေဆိုပါ□
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်□ရနိုင်သည်✓မဖြေဆိုပါ□
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည်□ရနိုင်သည်✓မဖြေဆိုပါ□
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်□ သီးနှံများကိုရောင်းချနိုင်သည်✓မဖြေဆိုပါ□
ရာသီဥတုအခြေအနေပြောင်းလဲမှု (အပူချိန်၊မိုးရေချိန်)	ထိခိုက်သည်□ မထိခိုက်ပါ □ မဖြေဆိုပါ✓

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

